လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (DPNS)

အမှတ် (၁၂၄)၊ စတုတ္ထထပ်၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။


**သတင်းမီဒီယာများအား ဖိနှိပ်ခြင်းအပေါ် သဘောထားထုတ်ပြန်ချက် (၅ / ၂၀၁၈)**

၁။ များမကြာမီရက်ပိုင်းအတွင်း (၉၊ ၁၀၊ ၂၀၁၈ နေ့တွင်) Eleeven Weekly အပတ်စဉ်သတင်းဂျာနယ်တွင် ဖော်ပြခဲ့သော သတင်းဆောင်းပါးအတွက် သတင်းထောက် ကိုဖြိုးဝေဝင်းအပါအဝင် EleVen သတင်းအယ်ဒီတာများပါ စုစုပေါင်း (၃) ဦးအား ပုဒ်မ ၅၀၅ (ခ) ဖြင့် အရေးယူ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

၂။ မိမိတို့အနေဖြင့် အဆိုပါ Eleven Weekly အပတ်စဉ်သတင်းဂျာနယ်ပါ ဆောင်းပါးမှာ တိုင်းဒေသကြီးလွှတ်တော်အတွင်း ကိုယ်စားလှယ်ကြီးများ၏ မေးခွန်းထုတ်ခဲ့မှုများအပေါ် အခြေခံလျက် ပြည်သူအများ သိသင့်သိထိုက်သည့် အချက်အလက်တို့ကို ဝေမျှသော သတင်းဆောင်းပါးတစ်ပုဒ်အဖြစ်သာ နားလည်မိပါသည်။

သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာလွှတ်တော်အတွင်း တရားဝင် အဖြေပေးရန်သာ လိုအပ်မည်ဟု ယူဆပါသည်။ အဆိုပါသတင်းဖော်ပြချက်အရ နိုင်ငံတော်၏ အေးချမ်းတည်ငြိမ်မှုကို ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆိုင်ရာ အစိုးရတစ်ရပ်ရပ်အပေါ် ဆန့်ကျင်ဆူပူစေရန်သော်လည်းကောင်း လှုံ့ဆော်သည့် သဘောထား စိုးစဉ်းမျှ မမြင်တွေ့ မသုံးသပ်မိပါ။

၃။ သို့ဖြစ်ပါ၍ အဆိုပါ သတင်းရေးသားချက်အပေါ် ပုဒ်မ ၅၀၅ (ခ) အရ တရားစွဲဆို အမှုဖွင့် ဖမ်းဆီးခဲ့ခြင်းသည် သတင်းမီဒီယာများ၏ လွတ်လပ်စွာ သတင်းဖော်ပြခွင့်အပေါ် အတိအလင်း ဖိနှိပ်ခြိမ်းခြောက်ရာရောက်ပြီး နိုင်ငံတော်ယန္တရားအတွင်း ချိန်ညှိထိန်းကျောင်းမှုကို ဖျက်ဆီးရာရောက်သည့်လုပ်ရပ်အဖြစ် မိမိတို့ပါတီက ဆန့်ကျင် ကန့်ကွက်ကြောင်း ဖော်ပြအပ်ပါသည်။

အလားတူပင် ယခင်သီတင်းပတ်များအတွင်း ရခိုင်ပြည်နယ်သတင်းများ ရယူဖော်ပြရန်ကြိုးစားခဲ့သော သတင်းသမားများကို နိုင်ငံတော်လုံခြုံရေး ပေါက်ကြားသည်ဟူသော စွပ်စွဲချက်ဖြင့် ထောင်ဒဏ်ချမှတ်ခဲ့မှုလည်း ဖြစ်ပွားခဲ့ပါသည်။ သတင်းလွတ်လပ်ခွင့် ဆိတ်သုဉ်းခြင်းသည် ပွင့်လင်းမြင်သာမှုကို ငြင်းပယ်ရာရောက်ပြီး ဒီမိုကရေစီ ကွယ်ပျောက်ပျက်စီးစေမည့် လမ်းစအပေါ် ရောက်ရှိလာခြင်းဖြစ်သည်ဟု မိမိတို့ပါတီက လေးလေးနက်နက် ခံယူပါသည်။

၄။ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဤကဲ့သို့ သတင်းမီဒီယာများအပေါ် မလျော်ဩဇာသုံး၍ ဖိနှိပ်ချုပ်ချယ်မှုအား ချက်ချင်းရပ်တန့်လျက် အများပြည်သူထံ သတင်းအချက်အလက်များ လွတ်လပ်စွာ အသိပေးတင်ပြလျက်ရှိသည့် မီဒီယာသမားများအား မတရားပုဒ်မအမျိုးမျိုးတပ်လျက် ဖမ်းဆီးဖိနှိပ်ချုပ်ချယ်နေမှုများ ချက်ချင်းရုပ်သိမ်းပေးရန် တိုက်တွန်းလျက် မိမိတို့၏သဘောထားအမြင်ကို ထုတ်ပြန်အပ်ပါသည်။

**ဗဟိုဦးဆောင်ကော်မတီ**

**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)**

**၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၁၁) ရက်။**